www.dhammadownload.com

မိုးကုတ်ဝိပဿနာပြန့်ပွားရေး



မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊

အနောက်ဂန့်ဂေါ။

မိုလယ်တောရကျောင်း၊

ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# မိုလယ်ဆရာတော်ဘုရားကြီး

ဘဒ္ဒန္တသံဝရ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးတွင်

၁၅-၁၂-၂၀၀၈ ညနေ ၃-နာရီ အချိန်

ဟောကြားတော်မူသော

# ခန္ဓာငါးပါးသူသတ်ယောက်ျား

## ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိပြုတ်တရားတော်

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

**မုံလယ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသံဝရ**

ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်တွင်

၁၅-၁၂-၂၀၀၈ ညနေ (၃)နာရီအချိန်

ဟောကြားတော်မူသော

**ခန္ဓာငါးပါး သူသတ်ယောက်ျား (စုန်းမဥပမာပြ)**

ခန္ဓာညဏ်ရောက် ဒိဋ္ဌိဖြုတ်တရားတော်။

**အနန္တော အနန္တ ငါးပါးကို အာရုံပြု၍ ညီညာဖြဖြ ကန်တော့ကြပါစို့။**

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ၊
နမော မာတာပိတုဿ၊ နမော အာစရိယဿ။

**ဗုဒ္ဓဿ** - သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ရှင်တော်မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးအား၊ **နမော** - ရည်ညွတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

www.dhammadownload.com



**ဓမ္မဿ** - မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ် ဆယ်ပါးသော တရားတော်မြတ်အား၊ **နမော**- ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**သံဃဿ** - မဂ်၌တည်သော ပုဂ္ဂိုလ်လေးပါး ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါး၊ ဤရှစ်ပါးသော အရိယာ သံဃာတော်မြတ်တို့အား၊ **နမော**- ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**မာတာပိတုဿ** - မိဘနှစ်ပါးအား၊ **နမော** - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**အာစရိယဿ** - ဝိပဿနာ ဉာဏ်မျက်စိ နှစ်ကွင်း၊ အလင်းရောက်အောင်၊ သစ္စာလေးပါး တရားတော်နှင့် ကုသ ပေးတော်မူသော ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီးနှင့် မုံလယ်ဆရာတော်ဘုရားကြီးအား၊ **နမော** - ရည်ညွှတ်သဒ္ဓါ စေတနာဖြင့်၊ ပန်ထွာမြတ်နိုး၊ လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

www.dhammadownload.com



ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ မိဘ၊ ဆရာသမားတို့အား ရိုသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ကြရသော ပူဇဝန္တ ပဏာမစေတနာ၊ သဒ္ဓါ၊ ပညာ၊ ဝီရိယတို့ကြောင့် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော မအို၊ မသေ အမြဲနေသော နိဗ္ဗာန်သို့ လည်း ကောင်း၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း၊ တစ်ထောင့်ငါးရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာဖြစ်သော နိဗ္ဗာန်သို့ လည်းကောင်း မိမိတို့ ယခု အားထုတ်ဆဲ ဖြစ်သော ဝိပဿနာဉာဏ်သည် လျင်မြန်စွာ မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက် ပြုလွယ်နိုင်ကြသည်ဖြစ်စေ။

## ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း အမေး၊ အဖြေ

### မူလနှစ်ဖြာ လက်ာ အမေး၊ အဖြေ

**မေး**။ မူလနှစ်ဖြာ။

**ဖြေ**။ အဝိဇ္ဇာနှင့် တဏှာ။

**မေး**။ သစ္စာနှစ်ခု။

**ဖြေ**။ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊

www.dhammadownload.com



ဒုက္ခသစ္စာ။

**မေး**။ လေးခုအလွှာ။

**ဖြေ**။ အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊ ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာ။

**မေး**။ အင်္ဂါတစ်ဆယ့်နှစ်ပါး။

**ဖြေ**။ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏ။

**မေး**။ တရားကိုယ်များနှင့်။

**ဖြေ**။ အဝိဇ္ဇာ အစ ဇရာမရဏ အဆုံး။

**မေး**။ သုံးပါးအစပ်။

**ဖြေ**။ သင်္ခါရနှင့် ဝိညာဏ်ကြားမှာ တစ်စပ်၊ ဝေဒနာနှင့် တဏှာကြားမှာ တစ်စပ်၊
ကမ္မဘဝနှင့် ဇာတိကြားမှာ တစ်စပ်။

**မေး**။ နှစ်ရပ်မူလ။

**ဖြေ**။ တဏှာနှင့် အဝိဇ္ဇာ။

**မေး**။ ဝဋ်သုံးဝနှင့်။

**ဖြေ**။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။

www.dhammadownload.com



**မေး။** ကာလသုံးဖြာ။

**ဖြေ။** လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။

**မေး။** ခြင်းရာနှစ်ဆယ်။

**ဖြေ။** အတိတ်အကြောင်း အခြင်းအရာငါးပါး၊
ပစ္စုပ္ပန်အကျိုး အခြင်းအရာငါးပါး၊
ပစ္စုပ္ပန်အကြောင်း အခြင်းအရာငါးပါး၊
အနာဂတ်အကျိုး အခြင်းအရာငါးပါး။

(အမေး၊ အဖြေ)

**မေး။** လွန်လေပြီးသော အတိတ်ကာလကို ဖော်ပြပါ။

**ဖြေ။** အဝိဇ္ဇာ၊ သင်္ခါရပါ ဘုရား။

**မေး။** အဝိဇ္ဇာ၊ သင်္ခါရ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ။** ကိလေသဝဋ်နဲ့ ကမ္မဝဋ်ပါဘုရား။

**မေး။** ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။

**ဖြေ။** အဝိဇ္ဇာက ကိလေသဝဋ်ပါ ဘုရား။ သင်္ခါရက ကမ္မဝဋ်ပါ ဘုရား။

www.dhammadownload.com



**မေး။** ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို ကာလ အနေနဲ့ ဘယ်ကာလထဲ သွင်းမှာလဲ။

**ဖြေ။** လွန်လေပြီးသော အတိတ်ကာလပါ ဘုရား။

**မေး။** လွန်လေပြီးသော အတိတ်ကာလဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ။** အဝိဇ္ဇာ၊ သင်္ခါရပါ ဘုရား။

**မေး။** အဝိဇ္ဇာ၊ သင်္ခါရ အလှာအနေနဲ့ ဘယ်အလှာထဲ သွင်းမှာလဲ။

**ဖြေ။** အတိတ်အကြောင်း တစ်လှာပါ ဘုရား။

**မေး။** အတိတ်အကြောင်း တစ်လှာဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ။** အဝိဇ္ဇာ၊ သင်္ခါရပါ ဘုရား။

**မေး။** အဝိဇ္ဇာ၊ သင်္ခါရ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ။** သမုဒယသစ္စာပါ ဘုရား။

**မေး။** အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ။** (၁)အကွက်မှာပါ ဘုရား။

**မေး။** ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလကို ဖော်ပြပါ။

**ဖြေ။** ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါ ဘုရား။

www.dhammadownload.com



**မေး**။ ယခုဖြစ်ဆဲကို ဖေါ်ပြပါ။

**ဖြေ**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား။

**မေး**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ**။ ဝိပါကဝဋ်ပါ ဘုရား။

**မေး**။ ဝိပါကဝဋ်ဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား။

**မေး**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ကာလ အနေနဲ့ ဘယ်ကာလထဲ သွင်းမှာလဲ။

**ဖြေ**။ ယခုဖြစ်ဆဲ ပစ္စုပ္ပန်အကျိုးကာလပါ ဘုရား။

**မေး**။ ယခုဖြစ်ဆဲ ပစ္စုပ္ပန်အကျိုး ကာလဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား။

**မေး**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အလွှာအနေနဲ့ ဘယ်အလွှာထဲ သွင်းမှာလဲ။

**ဖြေ**။ ပစ္စုပ္ပန် အကျိုးတစ်လွှာပါ ဘုရား။

www.dhammadownload.com



**မေး**။ ပစ္စုပ္ပန် အကျိုးတစ်လွှာဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား။

**မေး**။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး မရလား။

**ဖြေ**။ ရပါတယ် ဘုရား။

**မေး**။ ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ**။ ဒုက္ခသစ္စာပါ ဘုရား။

**မေး**။ အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ**။ (၂)အကွက်မှာပါ ဘုရား။

**မေး**။ ပစ္စုပ္ပန်ကာလကို ဆက်ပြီး ဖော်ပြပါ။

**ဖြေ**။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါ ဘုရား။

**မေး**။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ**။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ပါ ဘုရား။

**မေး**။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို ပိုင်းခြားပြီးတော့ ထောက်ပြပါ။

**ဖြေ**။ တဏှာ၊ ဥပါဒါန်က ကိလေသဝဋ်ပါ ဘုရား။

www.dhammadownload.com



ကမ္မဘဝက ကမ္မဝဋ်ပေါ့ ဘုရား။

**မေး**။ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို ကာလ အနေနဲ့ ဘယ်ကာလထဲ သွင်းမှာလဲ။

**ဖြေ**။ ပစ္စုပ္ပန် အကြောင်းကာလပါ ဘုရား။

**မေး**။ ပစ္စုပ္ပန် အကြောင်းကာလဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ**။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါ ဘုရား။

**မေး**။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ အလွှာအနေနဲ့ ဘယ်အလွှာထဲ သွင်းမှာလဲ။

**ဖြေ**။ ပစ္စုပ္ပန် အကြောင်းတစ်လွှာပါ ဘုရား။

**မေး**။ ပစ္စုပ္ပန် အကြောင်းတစ်လွှာဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ**။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါ ဘုရား။

**မေး**။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ**။ သမုဒယသစ္စာပါ ဘုရား။

**မေး**။ အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ**။ (၃)အကွက်မှာပါ ဘုရား။

**မေး**။ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလကို ဖော်ပြပါ။

www.dhammadownload.com



**ဖြေ။** ဇာတိ၊ ဇရာ၊ မရဏာပါ ဘုရား။

**မေး။** ဇာတိ၊ ဇရာ၊ မရဏာ ဝဋ္ဋအနေနဲ့ ဘယ်ဝဋ္ဋထဲ သွင်းမှာလဲ။

**ဖြေ။** ဝိပါကဝဋ္ဋပါ ဘုရား။

**မေး။** ဝိပါကဝဋ္ဋဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ။** ဇာတိ၊ ဇရာ၊ မရဏာပါ ဘုရား။

**မေး။** ဇာတိ၊ ဇရာ၊ မရဏာ ကာလအနေနဲ့ ဘယ်ကာလထဲ သွင်းမှာလဲ။

**ဖြေ။** နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလပါ ဘုရား။

**မေး။** နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ။** ဇာတိ၊ ဇရာ၊ မရဏာ ပါ ဘုရား။

**မေး။** ဇာတိ၊ ဇရာ၊ မရဏာ အလှာအနေနဲ့ ဘယ်အလှာထဲ သွင်းမှာလဲ။

**ဖြေ။** အနာဂတ် အကျိုးတစ်လှာပါ ဘုရား။

**မေး။** အနာဂတ် အကျိုးတစ်လှာဆိုတာ ဘာဘာ ခေါ်တာလဲ။

**ဖြေ။** ဇာတိ၊ ဇရာ၊ မရဏာပါ ဘုရား။

**မေး။** ဇာတိ၊ ဇရာ၊ မရဏာ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး

www.dhammadownload.com



မရလား။

**ဖြေ။** ရပါတယ် ဘုရား။

**မေး။** ခန္ဓာငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ။** ဒုက္ခသစ္စာပါ ဘုရား။

**မေး။** ဒုက္ခသစ္စာဆိုတာ ဘယ်သဘောကို ခေါ်တာလဲ။

**ဖြေ။** **ရူပက္ခန္ဓာ** - ဖောက်ပြန် ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှု၊

**ဝေဒနာက္ခန္ဓာ** - ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှု၊

**သညာက္ခန္ဓာ** - မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှု၊

**သင်္ခါရက္ခန္ဓာ** - စေ့ဆော် ပြုပြင်တတ်သော သဘောအစု ဖြစ်ပျက်မှု၊

**ဝိညာဏက္ခန္ဓာ** - သိတတ်သော သဘောအစု ဖြစ်ပျက်မှုပါ ဘုရား။

**မေး။** ခန္ဓာငါးပါး ဖြစ်ပျက်မရလား။

**ဖြေ။** ရပါတယ် ဘုရား။

**မေး။** ဖြစ်ပျက် ဘာသစ္စာလဲ။

**ဖြေ။** ဒုက္ခသစ္စာပါ ဘုရား။

www.dhammadownload.com



**မေး။** အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ။** (၄)အကွက်မှာပါ ဘုရား။

**မေး။** (၄)အကွက်က ဒုက္ခသစ္စာ၊ (၂)အကွက်က ဒုက္ခသစ္စာ အခေါ်မတူဘူးလား။

**ဖြေ။** တူပါတယ် ဘုရား။

**မေး။** အခေါ်တူငြားသော်လည်း ပစ္စုပ္ပန်နဲ့ အနာဂတ် မခြားနားဘူးလား။

**ဖြေ။** ခြားနားပါတယ် ဘုရား။

**မေး။** အနာဂတ် ရောက်ပြီလား။

**ဖြေ။** မရောက်သေးပါဘူး ဘုရား။

**မေး။** မရောက်သေးရင် အသုံးချလို့ ရပ့်မလား။

**ဖြေ။** မရပါ ဘုရား။

**မေး။** အခုရောက်ဆဲ ဘယ်အကွက်မှာလဲ။

**ဖြေ။** ပစ္စုပ္ပန် (၂)အကွက်မှာပါဘုရား။

**မေး။** ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။

**ဖြေ။** (၄)ကွက် ရှိပါတယ် ဘုရား။

**မေး။** တစ်ကွက်လျှင် ဘယ်နှစ်ပါး။

**ဖြေ။** (၅)ပါးပါ ဘုရား။

**ဆရာတော်။** ငါးလေးလီ

www.dhammadownload.com



**ယောဂီများ။** နှစ်ဆယ်

**ဆရာတော်။** ဤရှစ်သွယ်ကို

**ယောဂီများ။** အလွယ်ကျက်မှတ် သိစေအပ်သည်
သံသရာမှ လွတ်ကြောင်းတည်း။

## မူလနှစ်ဖြာ လက်ာ အမေး၊ အဖြေ

**မေး။** မူလနှစ်ဖြာ။

**ဖြေ။** အဝိဇ္ဇာနှင့် တဏှာ။

**မေး။** သစ္စာနှစ်ခု။

**ဖြေ။** သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊
ဒုက္ခသစ္စာ။

**မေး။** လေးခုအလွှာ။

**ဖြေ။** အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၊
ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုး
တစ်လွှာ၊

**မေး။** အင်္ဂါတစ်ဆယ့်နှစ်ပါး။

**ဖြေ။** အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊
ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊

www.dhammadownload.com



ဇရာမရဏ။

**မေး။** တရားကိုယ်များနှင့်။

**ဖြေ။** အဝိဇ္ဇာ အစ ဇရာမရဏ အဆုံး။

**မေး။** သုံးပါးအစပ်။

**ဖြေ။** သင်္ခါရနှင့် ဝိညာဏ်ကြားမှာ တစ်စပ်၊
ဝေဒနာနှင့် တဏှာကြားမှာ တစ်စပ်၊
ကမ္မဘဝနှင့် ဇာတိကြားမှာ တစ်စပ်။

**မေး။** နှစ်ရပ်မူလ။

**ဖြေ။** တဏှာနှင့် အဝိဇ္ဇာ။

**မေး။** ဝဋ်သုံးဝနှင့်။

**ဖြေ။** ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။

**မေး။** ကာလသုံးဖြာ။

**ဖြေ။** လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ
ပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ။

**မေး။** ခြင်းရာနှစ်ဆယ်။

**ဖြေ။** အတိတ်အကြောင်း အခြင်းအရာငါးပါး၊
ပစ္စုပ္ပန်အကျိုး အခြင်းအရာငါးပါး၊
ပစ္စုပ္ပန်အကြောင်း အခြင်းအရာငါးပါး၊
အနာဂတ်အကျိုး အခြင်းအရာငါးပါး၊

www.dhammadownload.com



(အမေး၊ အဖြေ)

**မေး။** ကိလေသဝဋ္ဋ၊ ကမ္မဝဋ္ဋ၊ ဝိပါကဝဋ္ဋ။
ကိလေသဝဋ္ဋ ဘယ်နှစ်ပါးလဲ။

**ဖြေ။** (၃)ပါးပါ ဘုရား။

**မေး။** ကမ္မဝဋ္ဋ ဘယ်နှစ်ပါးလဲ။

**ဖြေ။** (၂)ပါးပါ ဘုရား။

**မေး။** ဝိပါကဝဋ္ဋ ဘယ်နှစ်ပါးလဲ။

**ဖြေ။** (၈)ပါးပါ ဘုရား။

**မေး။** ကိလေသဝဋ္ဋ (၃)ပါးကို ဖော်ပြပါ။

**ဖြေ။** အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ပါ ဘုရား။

**မေး။** သစ္စာလေးပါးကို မသိတာ။

**ဖြေ။** အဝိဇ္ဇာပါ ဘုရား။

**မေး။** ခန္ဓာငါးပါးကို မသိတာ။

**ဖြေ။** အဝိဇ္ဇာပါ ဘုရား။

**မေး။** အာယတန တစ်ဆယ့်နှစ်ပါးကို မသိတာ။

**ဖြေ။** အဝိဇ္ဇာပါ ဘုရား။

**မေး။** ဓာတ် တစ်ဆယ့်ရှစ်ပါးကို မသိတာ။

**ဖြေ။** အဝိဇ္ဇာပါ ဘုရား။

**မေး။** ပဋိစ္စသမုပ္ပါဒ် တရားတော်ကို မသိတာ။

www.dhammadownload.com



**ဖြေ**။ အဝိဇ္ဇာပါ ဘုရား။

**မေး**။ သိသင့် သိထိုက်တဲ့တရားကို မသိလို့ အဝိဇ္ဇာလို့ မခေါ်လား။

**ဖြေ**။ ခေါ်ပါတယ်ဘုရား။

**မေး**။ သိရင် ဝိဇ္ဇာပေါ့။

**ဖြေ**။ မှန်ပါ့ ဘုရား။

**မေး**။ ဤ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားပေါ်မှာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါလို့ နှလုံးသွင်း မှားတာကော။

**ဖြေ**။ အဝိဇ္ဇာပါ ဘုရား။

**မေး**။ နှလုံးသွင်း မှားတာ အဝိဇ္ဇာနော်။

**ဖြေ**။ မှန်ပါ့ ဘုရား။

**မေး**။ ဤ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတရားကြီးက ဖြစ်ပြီးတော့ မပျက်လား။

**ဖြေ**။ ပျက်ပါတယ် ဘုရား။

**မေး**။ ဘာသစ္စာလဲ။

**ဖြေ**။ ဒုက္ခသစ္စာပါ ဘုရား။

**မေး**။ ဒုက္ခသစ္စာတရားကြီး မထင်ရှားဘူးလား။

**ဖြေ**။ ထင်ရှားပါတယ် ဘုရား။

www.dhammadownload.com



**မေး**။ ဤ ဒုက္ခသစ္စာ တရားပေါ်မှာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာလို့ နှလုံးသွင်းမှားတာကော။

**ဖြေ**။ အဝိဇ္ဇာပါ ဘုရား။

**မေး**။ နှလုံးသွင်းမှားတော့ လိုချင်တာ ဘယ်သူလဲ။

**ဖြေ**။ တဏှာပါ ဘုရား။

**မေး**။ မရရင် မနေဘူးလို့ စွဲလမ်းတာ။

**ဖြေ**။ ဥပါဒါန်ပါ ဘုရား။

**မေး**။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။ ဤ(၃)ခု ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ**။ ကိလေသဝဋ်ပါ ဘုရား။

**မေး**။ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ**။ သမုဒယသစ္စာပါ ဘုရား။

**မေး**။ ကမ္မဝဋ် (၂)ပါးကို ဖော်ပြပါ။

**ဖြေ**။ သင်္ခါရနှင့် ကမ္မဘဝပါ ဘုရား။

**မေး**။ ပါးစပ်ကပြောတော့ ဘယ်သင်္ခါရ တပ်မလဲ။

**ဖြေ**။ ဝစီသင်္ခါရပါ ဘုရား။

**မေး**။ ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်သင်္ခါရ။

**ဖြေ**။ ကာယသင်္ခါရပါ ဘုရား။

www.dhammadownload.com



**မေး။** စိတ်က ကြံစည်တော့ ဘယ်သင်္ခါရ။

**ဖြေ။** စိတ္တသင်္ခါရပါ ဘုရား။

**မေး။** ပါးစပ်က ပြောတော့ ဘယ်ကံလဲ။

**ဖြေ။** ဝစီကံ ပါဘုရား။

**မေး။** ခြေနဲ့ လက်နဲ့ ပြုတော့ ဘယ်ကံလဲ။

**ဖြေ။** ကာယကံ ပါဘုရား။

**မေး။** စိတ်က ကြံစည်တော့ ဘယ်ကံလဲ။

**ဖြေ။** မနောကံ ပါဘုရား။

**မေး။** ကာယကံ ဝစီကံ မနောကံ၊
ဤသုံးပါး ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ။** ကမ္မဝဋ် ပါဘုရား။

**မေး။** ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို သစ္စာဖွဲ့တော့
ဘာသစ္စာလဲ။

**ဖြေ။** သမုဒယသစ္စာ ပါဘုရား။

**မေး။** အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ။** (၁)အကွက်မှာပါ ဘုရား။

**မေး။** ဝိပါကဝဋ် (၈)ပါးကို ဖော်ပြပါ။

**ဖြေ။** ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊
ဇာတိ၊ ဇရာ၊ မရဏပါ ဘုရား။

www.dhammadownload.com



**မေး**။ ဝဋ်အနေနဲ့ ဘယ်ဝဋ်ထဲ သွင်းမှာလဲ။

**ဖြေ**။ ဝိပါကဝဋ်ပါ ဘုရား။

**မေး**။ သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။

**ဖြေ**။ ဒုက္ခသစ္စာပါ ဘုရား။

**မေး**။ အကွက်အနေနဲ့ ဘယ်အကွက်မှာလဲ။

**ဖြေ**။ (၄)အကွက်မှာပါ ဘုရား။

**မေး**။ ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကွက် ဘယ်နှစ်ကွက်ရှိ။

**ဖြေ**။ (၄)ကွက် ရှိပါတယ် ဘုရား။

**မေး**။ တစ်ကွက်လျှင် ဘယ်နှစ်ပါး။

**ဖြေ**။ (၅)ပါးပါ ဘုရား။

**ဆရာတော်**။ ငါးလေးလီ

**ယောဂီများ**။ နှစ်ဆယ်

**ဆရာတော်**။ ဤရှစ်သွယ်ကို

**ယောဂီများ**။ အလွယ်ကျက်မှတ် သိစေအပ်သည်
သံသရာမှ လွတ်ကြောင်းတည်း။

**(သာဓု သာဓု သာဓု)**

www.dhammadownload.com



## မူလနှစ်ဖြာ တစ်ခေါက်

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလ္ဗာ၊
အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊
နှစ်ရပ်မူလ၊ ဝဋ္ဋသုံးဝနှင့်၊ ကာလသုံးဖြာ၊
ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို
အလွယ်ကျက်မှတ် သိစေအပ်သည်
သံသရာမှ လွတ်ကြောင်းတည်း။

**နမော တဿ ဘဂဝတော**
**အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**
**နမော တဿ ဘဂဝတော**
**အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**
**နမော တဿ ဘဂဝတော**
**အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**ဝိညာဏ်မြင် သမ္မုတိသစ္စာ** အားဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ အကုသိုလ်ကံ၊ ကုသိုလ်ကံ တရားနှစ်ပါးကို ယုံကြည်ရမယ်လို့ မဟောလား . . . (ဟောပါတယ်ဘုရား)။ ပါဏာတိပါတာအစ သုရာမေရယ အဆုံး၊

www.dhammadownload.com



ပါဏာတိပါတာ အစ မိစ္ဆာဒိဋ္ဌိ အဆုံးကို ကျူးလွန်ရင် ကုသိုလ်လား၊ အကုသိုလ်လား . . . (အကုသိုလ်ပါ ဘုရား)။ အကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားက သေသည်၏ အခြားမဲ့၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် လို့ မဟောလား . . . (ဟောပါတယ် ဘုရား)။ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရားလား . . . (ဆင်းရဲတဲ့တရားပါ ဘုရား)။ ဒါ အကုသိုလ်ကံ ကြောင့် ဖြစ်တာနော်၊ ယုံကြည်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

ပါဏာတိပါတာ အစ သုရာမေရယ အဆုံး၊ ပါဏာတိပါတာ အစ မိစ္ဆာဒိဋ္ဌိ အဆုံးကို ရှောင်ကြဉ်ရင် အကုသိုလ်လား၊ ကုသိုလ်လား . . . (ကုသိုလ်ပါ ဘုရား)။ ကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားက လူ့ပြည်၊ နတ်ပြည် ခေါက်ထပ်လို့ မဟောလား . . . (ဟောပါတယ် ဘုရား)။ ဆင်းရဲတဲ့တရားလား၊ ချမ်းသာတဲ့ တရားလား. . . (ချမ်းသာတဲ့တရားပါ ဘုရား)။ ဒါ ကုသိုလ်ကံကြောင့် ဖြစ်တာ နော်။ ယုံကြည်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ လိုရင်းအချက်ပေါ့ကွဲ့။ ကံ၊ ကံ၏အကျိုးကို ယုံကြည်ဖို့လိုတယ်နော်။

သက်ရှိသတ္တဝါတဲ့၊ ကမျဉ်းနီကအစ ဆင်ကောင်ကြီး အထိ သတ်မယ်ဆိုရင် ပါဏာတိပါတကံ မထိုက်ဘူးလား

www.dhammadownload.com



. . . (ထိုက်ပါတယ် ဘုရား)။ ပါဏာတိပါတကံ ထိုက်ရင် သေသည်၏အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား . . . (မလွတ်ပါဘူး ဘုရား)။ အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ ငရဲသက်စေ့၊ တိရစ္ဆာန်ဘဝကို မရောက်ဘူးလား . . . (ရောက်ပါတယ် ဘုရား)။ ငရဲကလွတ်တော့ တိရစ္ဆာန် ဘဝပဲ ရောက်သွားတယ်နော်။ တိရစ္ဆာန်ဆိုတော့ နိုင်ရာစားဘဝ ပေါ့။ တိရစ္ဆာန်ကသေတော့ ငရဲမရောက်လား . . . (ရောက် ပါတယ် ဘုရား)။ ငရဲက ကျွတ်တော့ တိရစ္ဆာန်နော်။ တိရစ္ဆာန် ကနေ သေတော့ ငရဲပေါ့။ ငရဲနဲ့ တိရစ္ဆာန် **ရက်ကန်းရှယ် သလို** လို့ ဆရာတော် သမားတော်တွေ မဟောလား . . . (ဟောပါတယ် ဘုရား)။ ဘယ်လောက်များ ကြောက်စရာ ကောင်းသလဲနော်။

ကဲ လူ့အဖြစ်ကို ရတယ်ထားပေါ့နော်။ မွေး မွေးချင်း သေတဲ့ကလေးတွေ မရှိလား . . . (ရှိပါတယ် ဘုရား)။ လသားနဲ့ သေတာ မရှိလား . . . (ရှိပါတယ် ဘုရား)။ ကျောင်းသားအရွယ်နဲ့ သေတာ မရှိလား . . . (ရှိပါတယ် ဘုရား)။ သူဌေးသားပဲဖြစ်ဖြစ် သူဌေးသမီးပဲ ဖြစ်ဖြစ် ငယ်ငယ် ရွယ်ရွယ်နဲ့ သေတော့ သူဌေးရဲ့ စည်းစိမ်ကို ခံစားရရဲ့လား . . . (မခံစားရပါဘူး ဘုရား)။ အိုးပုတ် ချိုးရုပ်နဲ့ပျော်လို့ သေ တော့တာနော်။ လူဖြစ်ကျိုး ရှုံးတာပေါ့။ အသက်တိုတယ်လို့ မပြောလား . . . (ပြောပါတယ် ဘုရား)။ အသက်တိုတာ

www.dhammadownload.com



အလိုလိုဖြစ်တာလား၊ အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား . . . (အကြောင်းကြောင့် အကျိုးတရားပေါ်တာပါဘုရား)။ အသက်တိုတဲ့ အကြောင်း ရှာကြည့်တော့ သက်ရှိသတ္တဝါတွေကို သတ်ခဲ့တာကို နော်။ ဒါကြောင့် အသက်တိုတာပေ့ါ။ ငရဲမှာလည်း အားရအောင် ခံ၊ လူဖြစ်ပြန်တော့လည်း အသက်တိုတယ်နော်။

အရှေ့အိမ်က အဘိုးကြီး အဘွားကြီး အသက်ခုနစ်ဆယ်ကျော် ရှစ်ဆယ်၊ စားနိုင်တယ် သွားနိုင်တယ် လုပ်နိုင်တယ် မပြောကြဘူးလား . . . (ပြောကြပါတယ်ဘုရား)။ သီလကုသိုလ် ကောင်းတာကိုးလို့ အဖြေမပေးလား . . . (ပေးပါတယ် ဘုရား)။ ဘယ်လောက်များ အထောက်အထား လုံလောက်သလဲနော်။ အဲဒီလို စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်၊ ဟင်းတစ်ညွန့်ကစ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား အထိ ပိုင်ရှင်အခွင့် မပြုဘဲ ယူမယ်ဆိုရင် အဒိန္နာဒါနကံ မထိုက်လား . . . (ထိုက်ပါတယ်ဘုရား)။ အဒိန္နာဒါနကံထိုက်ရင် သေသည်၏ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား . . . (မလွတ်ပါဘူးဘုရား)။ အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ ငရဲသက်စေ့၊ လူ့အဖြစ်ကိုရတယ်ထား၊ လူဖြစ်တဲ့ဘဝမှာ အငတ်ပြဿနာနဲ့ ရင်ဆိုင်ရတယ်နော်။ ဘယ်လိုပဲ လုပ်လုပ် စားဝတ်နေရေးပြေရဲ့လား

www.dhammadownload.com



. . . (မပြေပါဘူး ဘုရား)။ ဘာကြောင့် မပြေတာလဲ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

**ကမ္မ ဝိပါကဿ** ကို ကွဲ့။ အတိတ်ဘဝတုန်းက သူများစားမည့် အစားအစာကို ခိုးခဲ့တာကိုး။ သူများဝတ်မည့် အထည် အဝတ်အစားတွေ ခိုးခဲ့တာကိုး။ သူများနေတဲ့ အဆောက်အဦတွေကို ဖျက်ခဲ့တာကိုး။ အဲဒီလို စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အလို လိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား . . . (အကြောင်းကြောင့် အကျိုးတရား ပေါ်တာပါ ဘုရား)။ ဒါ သိတဲ့အချိန်ကစပြီး ရှောင်ကြဉ် ရမယ်နော်။ အဲဒါ လိုရင်းအချက်ပေါ့ကွဲ့။

လင်ရှိမယား မယားရှိလင် ကျူးကျော်စော်ကား လို့ရှိရင် ကာမေသုမိစ္ဆာစာရကံ မထိုက်လား . . . (ထိုက်ပါ တယ်ဘုရား)။ ကာမေသုမိစ္ဆာစာရကံ ထိုက်လို့ရှိရင် သေ သည်၏ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား . . . (မလွတ်ပါဘူး ဘုရား)။ အပါယ်ကိုကျ ငရဲကို အားရအောင်ခံ ငရဲ သက်စေ့ လူ့အဖြစ်ကို ရတယ်ထား၊ လူဖြစ်တဲ့ဘဝမှာ လူချင်း တူရဲ့လား . . . (မတူပါဘူး ဘုရား)။ ဣတ္ထိလိင် ပုလ္လိင်၊ ကြားလား။ လူဖြစ်ကျိုး ရှုံးတာပေါ့။

တနည်းအားဖြင့် စား၊ ဝတ်၊ နေရေးနဲ့ ပတ်သက်လို့ မှသားကို အမျိုးမျိုး မသုံးကြဘူးလား . . . (သုံးကြပါတယ်

www.dhammadownload.com



ဘုရား)။ သုံးရင် မုသာဝါဒကံ မထိုက်လား . . . (ထိုက်ပါတယ် ဘုရား)။ သေသည်၏ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား . . . (မလွတ်ပါဘူး ဘုရား)။ အပါယ်ကိုကျ ငရဲကို အားရအောင်ခံ၊ ငရဲသက်စေ့ လူ့အဖြစ်ကို ရတယ်ထား လူဖြစ်တဲ့ဘဝမှာ စား၊ ဝတ်၊ နေရေးနဲ့ ပတ်သက်လို့ ငွေကြေး ကိစ္စ ဆန်စပါးကိစ္စ ချေးလို့ ငှားလို့ လွယ်ကူစွာ ရရဲ့လား . . . (မရပါဘူး ဘုရား)။ ဘယ်သူမှ အယုံအကြည် မရှိဘူးနော်။ စားဝတ်နေရေး ပြေရဲ့လားဟဲ့ . . . (မပြေပါဘူး ဘုရား)။ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား . . . (အကြောင်းကြောင့် အကျိုးတရားပေါ် တာပါ ဘုရား)။

ဘိန်း၊ ဘင်း၊ ကစော်၊ လျှော်စာ၊ အရက် သေရည် သေရက်ကို သောက်စားကြတော့ သုရာမေရယကံ မထိုက် လား . . . (ထိုက်ပါတယ် ဘုရား)။ သုရာမေရယကံ ထိုက် ရင် သေသည်၏အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား . . . (မလွတ်ပါဘူး ဘုရား)။ အပါယ်ကိုကျ ငရဲကိုအားရအောင်ခံ ငရဲသက်စေ့၊ လူ့အဖြစ်ကိုရတယ်ထား လူဖြစ်တဲ့ဘဝမှာ ရူးတဲ့ ပုဂ္ဂိုလ်တွေ မြင်ဖူးရဲ့လား . . . (မြင်ဖူးပါတယ် ဘုရား)။ လူဖြစ်တော့ လူရူး၊ ခွေးဖြစ်တော့ ခွေးရူး၊ ဝက်ဖြစ်တော့ ဝက်ရူးပေါ့။ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား . . . (အကြောင်းကြောင့်

www.dhammadownload.com



အကျိုးတရား ပေါ်တာပါ ဘုရား)။

အဲဒီ ငါးပါးထဲမှာ **သုရာမေရယကံ အဆိုးဆုံးကွဲ့** နော်။ အထူးသဖြင့် ရှောင်ကြဉ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ လူတစ်ယောက်ကို စဉ်းစားနော်။ မသောက်ခင်၊ မစားခင်၊ မမူးခင် ပင်ကိုစိတ်က ရိုးရိုးလေးပေ့ါ။ သောက်လို့ မူးတဲ့အခါကျတော့ ပင်ကိုစိတ်တွေ ရှိရဲ့လား . . . (မရှိတော့ပါဘူး ဘုရား)။ အဲဒါ သတ်ချင်တဲ့စိတ်တွေ မပေါ်လား . . . (ပေါ် ပါတယ် ဘုရား)။ ခိုးချင်တဲ့စိတ်တွေ မပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ သူများ လင်၊ သားမယားကို ဖျက်ဆီးချင်တဲ့စိတ်တွေ မပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ မုသားကို အမျိုးမျိုး မသုံးကြလား . . . (သုံးကြပါတယ် ဘုရား)။ အဲဒီလို ဆိုးတာကွဲ့။ သုရာမေရယကံ နော်။ အထူးသဖြင့် ဆင်ခြင်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ လိုရင်းအချက်တွေနော်။

မကြားစဖူး ကြားဖူးထပ်မံ၊ မြတ်စွာဘုရားရှိစဉ်က ညီတော်အာနန္ဒာက လျှောက်ထားတယ်။ နောင်တော်ဘုရား . . . လူ၊နတ်၊ ပြဟ္မာသတ္တဝါမှာရှိတဲ့ ကုသိုလ်တရားနှင့် အကုသိုလ်တရား ဘယ်ကများသလဲ ဘုရားလို့ မလျှောက်လား . . . (လျှောက်ပါတယ် ဘုရား)။ ညီတော်အာနန္ဒာ . . လူအရိယာ၊ နတ်အရိယာ၊ ပြဟ္မာအရိယာကို ချန်ထား

www.dhammadownload.com



လူအန္တ၊ နတ်အန္တ၊ ဗြဟ္မာအန္တမှာရှိတဲ့ ကုသိုလ်တရား ငါဘုရား လက်သည်းပေါ်မှာတင်တဲ့ မြူမှုန့်ပမာဏလို့ မပြောဘူးလား . . . (ဟောပါတယ် ဘုရား)။

မြတ်စွာဘုရား လက်သည်းပေါ်မှာ တင်တဲ့ မြူမှုန့် ဆိုတာ နှစ်ရွေးသား သုံးရွေးသား ရှိမှာပေါ့။ ဘယ်လောက်မှ မရှိဘူးနော်။ ကုသိုလ်က နည်းလှပါတကားကွဲ့။ အကုသိုလ် တရားက ကမ္ဘာပထဝီမြေကြီးနှင့် အမျှလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ဗမာပြည်တွင် မကဘူးနော်၊ ကမ္ဘာပထဝီမြေကြီးကွဲ့။ အဲဒီလောက် အကုသိုလ်များတာ လူပြန်ဖြစ်ဖို့ လွယ်ပ့ါမလား . . . (မလွယ်ပါဘူး ဘုရား)။ အမှတ်တမဲ့နေလို့ တော်ပ့ါမလား . . . (မတော်ပါဘူး ဘုရား)။ စဉ်းစားပေ့ါ။ ဂင်္ဂါမြစ်မှာရှိတဲ့ သဲလုံးနှင့်အမျှ သဲတစ်ပွင့် ဘုရားတစ်ဆူ၊ သဲတစ်ပွင့် ဘုရားတစ်ဆူ၊ တစ်ဆူ သော ဘုရားဆီမှာ နှစ်ဆယ့်လေးသင်္ချေ၊ ကုဋေခြောက် ဆယ်၊ ဗိုလ်ခြေ တစ်သိန်း ကျွတ်တမ်းဝင်တယ်လို့ မဟော ဘူးလား . . . (ဟောပါတယ် ဘုရား)။ တစ်ဆူသော ဘုရားရှင်မှာနော်။

ဂင်္ဂါမြစ်မှာရှိတဲ့ သဲလုံးနှင့်အမျှ ပွင့်တော်မူတဲ့ ဘုရားအဆူဆူ တရားနာ ပရိသတ်တွေ တွေ့ခဲ့ကြရဲ့လား . . . (မတွေ့ခဲ့ပါဘူး ဘုရား)။ ဘယ်မှာနေတာလဲ မေးရင် ဘယ်လို အဖြေပေးမလဲ . . . (ငရဲမှာပါ ဘုရား)။ ငရဲကို

www.dhammadownload.com



ကျသွားရင် ဘုရားအဆူဆူနဲ့ ချော်လွဲနိုင်တယ်။ ကြောက်စရာ မကောင်းဘူးလား . . . (ကောင်းပါတယ် ဘုရား)။ အမှတ်တမဲ့နေလို့ တော်ပါ့မလား . . . (မတော်ပါဘူး ဘုရား)။

အဲဒါ ငါးပါးသီလကို မကြောင် မကျား မကျိုး မပေါက်အောင် ကိုယ်ဝတ်ထားတဲ့ပုဆိုး၊ အင်္ကျီ၊ ကိုယ်ဝတ်တဲ့ထဘီ၊ အင်္ကျီကဲ့သို့ မြဲမြံဖို့ လိုတယ်နော်။ ငါးပါးသီလကို အမြဲပေါ့။ ရှစ်ပါးသီလက တစ်လမှာ လေးကြိမ်ပေါ့။ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒီလို စဉ်းစားကြ။ ဒါ လိုရင်းအချက်တွေနော်။ အဲဒီ သီလနဲ့ ပြည့်စုံပြီးတော့ လူ့တဲ့အလှူနဲ့ သီလမရှိပဲ လှူတဲ့အလှူနဲ့ တူရဲ့လား . . . (မတူပါဘူး ဘုရား)။မကြားစဖူး ကြားဖူးထပ်မံကွဲ့နော်။

ရှေးက အန္နဘာရမြက်ရိတ်သမားဆိုတာ သူဌေးကြီးရဲ့ နောက်ဖေး တန်းလျားမှာ နေပြီးတော့ မြက်ရိတ် ရောင်းစားရတာပေါ့။ ရာသီဥတုက ဆောင်းရာသီကွဲ့နော်။ နံနက်စောစောထပြီး မီးလှုံတာပေါ့။ ထင်းကုန်တယ်တဲ့၊ ထင်းကုန်မခံဘူးဆိုပြီးတော့မှ ဆန်ကိုဆေးပြီးတော့ အိုးတည်ဆန်ခတ်တည်လိုက်တာပေါ့။ ပွက်ပွက်ဆူ ကျက်တဲ့အခါကျတော့ ငှဲ့ပြီးတော့မှ မီးကျိုးနဲ့ နှပ်ထားရတယ်နော်။ထမင်းအိုးလည်းကျက်တော့ မီးလှုံလိုက်တာ အချမ်းလည်း ပြေသွားတာပေါ့။

www.dhammadownload.com



အဲဒီတော့ စလောင်းဖုံးလေးနဲ့ ငါးပိကပ် ပြီးတော့ ထားခဲ့တော့တာနော်။ ပြန်တဲ့အခါ လွယ်လွယ်နဲ့ စားဖို့ပေါ့၊ မြက်ရိတ် ထွက်သွားတော့တာ၊ ပြန်လာတော့ ကိုးနာရီသာသာကျတော့ မြို့ဝင်ခါနီးမှာ ဖလသမာပတ်က အထွက် ပစ္စေကဗုဒ္ဓါအရှင်မြတ်နဲ့ သွားတွေ့တာပေါ့။

အရှင်ဘုရား အရှင်ဘုရား . . တစ်မြို့လုံးမှာ ကြည့်ချင်သလိုကြည့် တပည့်တော်လောက် ဆင်းရဲတဲ့ ပုဂ္ဂိုလ်တစ်ယောက်မှမရှိဘူးပေါ့။ ဒီနေ့တော့ တပည့်တော်ကို ချီးမြှောက်တော်မူပါ ဘုရားလို့ မလျှောက်ဘူးလား . . . (လျှောက်ပါတယ် ဘုရား)။ ခပ်ဆိတ်ဆိတ်နေပြီး သူ့နောက်ကို လိုက်သွားတယ်နော်။ ဝင်းပေါက်ကို ဝင်သွားတော့ အပြင်ဘက်က ရပ်နေတာပေါ့။ မြက်စည်းကိုချ၊ မျက်နှာတွေသစ်၊ အဝတ်စားတွေလဲ၊ ပန်းကန်ကို သပ်သပ်ရပ်ရပ် ဆေး၊ ထမင်းကိုခူး၊ ငါးပိစလောင်းဖုံးကပ်တာနဲ့ လှူလိုက် လောင်းလိုက်တာပေါ့။ အရှင်ဘုရား ဒီနေ့ဆွမ်းလှူရတဲ့ ကုသိုလ်ကံစေတနာကြောင့် ဒီနေ့ကအစပြုလို့ မရှိ မလှ မဝ ဆိုတာ တပည့်တော် မကြားရပါစေနဲ့ ဘုရားလို့ ဆုမတောင်းလား . . . (တောင်းပါတယ် ဘုရား)။ အသင် တောင်းတဲ့ အတိုင်း ပြည့်စေလို့ မပေးလား . . . (ပေးပါတယ် ဘုရား)။

အဲဒီမှာ ထီးချက်စောင့်နတ်သမီးက သာဓု သုံးကြိမ် ခေါ်တယ်ဗျ။ အသံလည်း ကောင်းတယ်နော်။ အခု သာဓု

www.dhammadownload.com



ခေါ်တာ ဘယ်သူလဲလို့ သူဌေးကြီးက မမေးဘူးလား . . . (မေးပါတယ် ဘုရား)။ ငါ ထီးချက်စောင့် နတ်သမီးပေါ့။ ဘယ်သူ့အလှူ သာဓုခေါ်တာလဲလို့ မမေးရဘူးလား . . . (မေးရပါတယ် ဘုရား)။ အန္နဘာရ မြက်ရိတ်သမားရဲ့ ဆွမ်းအလှူကို ငါ သာဓုခေါ်တာ။

ငါ အခါတိုင်းက ရှင်ပြုပေးတာ အပါးလေးထောင် ငါးထောင် မကဘူးပေါ့။ ရဟန်းဘောင် သွတ်သွင်းတာ ရဟန်းဒကာအဖြစ် ရဟန်းခံတာ လေး ထောင် ငါးထောင် မကဘူးပေါ့။ ကထိန်ကလည်း တစ်နှစ် ကို နှစ်ကြိမ်၊ သုံးကြိမ် ခင်းတာပေါ့။ ဟိုရွာမှာ ဒီရွာမှာ လိုက်ပြီးတော့ ခင်းတာပေါ့။ တစ်ခါမှ သာဓု မခေါ်ပါလား။ ဘုရားတည်ခဲ့တာ လေးငါး ဆယ်ဆူပေါ့နော်။ ရေတွင်း ရေကန်လည်း တူးခဲ့တာ အကြီးအကျယ်ပေါ့။ သူဌေးကြီး အလှူပေးတဲ့အခါမှာ ပရိသတ်ကို နှစ်သောင်း သုံးသောင်း ပင့်တာ၊ ကုန်းသတ္တဝါ မစားတဲ့ပုဂ္ဂိုလ်ကို ရေသတ္တဝါ၊ ရေသတ္တဝါ မစားတဲ့လူကို ကုန်းသတ္တဝါ၊ ရေသတ္တဝါ ကုန်းသတ္တဝါ မစားတဲ့လူကို အာလူး၊ ငရုတ်၊ ကြက်သွန်၊ ခရမ်းသီး၊ ဗူးသီး၊ ခရမ်းသီးပေါ့။ မျိုးစုံ ပရိသတ် ကျေနပ်လောက်အောင် ကျွေးတာကွဲ့။

ပထမဦးဆုံးကျတော့ ဗလာတီး ဆိုင်းပြိုင်၊ ဒုတိယ ကျတော့ အငြိမ့်၊ တတိယကျတော့ ဇာတ်၊ အဲဒီလို ကုသိုလ် အမျိုးမျိုး လုပ်ခဲ့တာပေါ့။ တခါမှ မခေါ်ပါလားတဲ့။ သူဌေး

www.dhammadownload.com



ကြီး အလှူမခေါ်နိုင်ဘူးတဲ့။ ဘာဖြစ်လို့လဲ မမေးရဘူးလား . . . (မေးရပါတယ် ဘုရား)။ သူဌေးကြီးအလှူက ဆန်တစ်တင်းကို နို့ဆီ နှစ်လုံးလျော့တယ်တဲ့၊ တစ်တင်း မပြည့်ဘူးတဲ့၊ တစ်ပိဿာကို သုံးကျပ်သားလျော့တယ်တဲ့၊ တစ်ပိဿာ မပြည့်ဘူးတဲ့၊ ချိန်ခွက်ကလည်း လျော့တယ်တဲ့၊ မိုးခေါင် ရေရှားတဲ့အခါ ကုန်တွေကို ပိတ်ထားလိုက်တယ်၊ ဈေးလေး ထောင်တက်ကာမှ ဖောက်ရောင်းတယ်တဲ့၊ ကြားလား။ သူဌေးကြီးရဲ့အလှူကို ငါသာစု မခေါ်နိုင်ဘူးတဲ့။ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ လေ့လာကြ။ ဒါကြောင့် စေတနာဟံ ဘိက္ခဝေလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ စေတနာအတိုင်း အကျိုး ပေးတာကွဲ့။ အဲဒီလို လေ့လာဖို့မကောင်းလား။

အဲဒါနဲ့ သူဌေးကြီးက ဟော့ အနန္တာရ . . . မင်း အလှူ ငါ့ကိုရောင်း အသပြာတစ်ထောင်ပေးမယ်။ မရောင်း နိုင်ဘူးတဲ့။ ကျပ်မွဲတယ်တဲ့၊ ဘုန်းကြီးကတော့ မွဲရင်ရောင်း ပစ်တော့မှာကွဲ့၊ မွဲပါတယ်လို့ ဆိုပါသကို . . ရောင်းလိုက် တော့မှာ၊ မရောင်းနိုင်ဘူးတဲ့။ မရောင်းနိုင်ရင်လည်း အမျှပေးလို့ မတောင်းလား . . . (တောင်းပါတယ် ဘုရား)။ အမျှပေးရင် ကျပ်ဟာတွေ လျော့ကုန်မလား မသိဘူးတဲ့၊ ကြားရဲ့လား။ ကိုယ်လှူတဲ့ အရှင်သခင်ကို သွားမေးဦး မယ်တဲ့။

www.dhammadownload.com



သွားပြီးတော့လျှောက်တာ၊ တောရဆောက်တည်တာကိုး၊ တပည့်တော်အလှူကို သူဌေးကြီးက အသပြာတစ်ထောင် ပေးတယ်ဘုရား . . . တပည့်တော်က မွဲလို့မရောင်းနိုင်ဘူးပေါ့။ မရောင်းနိုင်ရင် အမျှပေးပါလို့တောင်းတယ်၊ ဒါ အမျှပေးလို့ရှိရင် လျော့မလား၊ မလျော့ဘူးလား၊ မလျှောက်ရဘူးလား . . . (လျှောက်ရပါတယ်ဘုရား)။ ပေးသာ ပေးလိုက် မလျော့ဘူးတဲ့၊ ကြားရဲ့လား။ အရှင်ဘုရားက မလျော့ဘူးဆိုတာ တပည့်တော် နားမလည်ဘူးတဲ့၊ မလျော့ဘူးဆိုတာ တပည့်တော် နားမလည်တဲ့။ မလျော့တာလေးကို သိချင်တယ်တဲ့ဗျ။ ယခုလူတွေက မလျော့ဘူး ပေးလိုက်ဆိုပေးတာ။ မလျော့ တာ လျော့တာ သိပုံမရဘူး၊ ကြားရဲ့ လားဟ။ ဟော ကြည့်၊ အရှင်ဘုရားက မလျော့ပေမယ့် တပည့်တော် နားမလည်ဘူးတဲ့။ မလျော့တာ သိချင်တယ်တဲ့။

အဲဒါ ဥပမာဆောင်ပြီးတော့၊ အကာလ ညအခါမှာ မင်းအိမ်မှာ မီးထွန်း၊ မြောက်က အိမ်ကလာပြီးတော့ မီးညှိထွန်းတယ်နော်၊ မီးကူးတာပေါ့။ မီးထွန်းပြီးတော့ မြောက်ကအိမ်ကို ယူမသွားဘူးလား . . . (ယူသွားပါတယ်ဘုရား)။ မြောက်ကအိမ်မှာ မီးမလင်းလား . . . (လင်းပါတယ် ဘုရား)။ တောင်ကအိမ်က မီးညှိထွန်း၊ တောင်က အိမ်က မီးမလင်းလား . . . (လင်းပါတယ် ဘုရား)။

www.dhammadownload.com



အနောက်ကအိမ်က လာညှိထွန်းတော့ အနောက်ကအိမ်မှာ မီးမလင်းလား . . . (လင်းပါတယ် ဘုရား)။ အရှေ့အိမ်က လာညှိထွန်းတော့ အရှေ့အိမ်မှာ မီးမလင်းလား . . . (လင်းပါတယ် ဘုရား)။

တစ်ရွာလုံးက ညှိထွန်းတော့ တစ်ရွာလုံး မီးမလင်းလား . . . (လင်းပါတယ် ဘုရား)။ မင်းမီး လျော့သလားလို့ မမေးလား . . . (မေးပါတယ် ဘုရား)။ မလျော့ဘူးတဲ့၊ ကျေနပ်ပြီ၊ ပေးမယ်တဲ့။ အဲဒီလို **အဓိပ္ပါယ် သိတော့မှ သဒ္ဓါတရား တိုးတော့မှာပေါ့ကွဲ့**။ ဘုမသိ ဘမသိ ရောလို့ ပေးလိုက်တာတွေ ဘယ်ခရီးရောက်လိမ့် မလဲ။ အဲဒီလိုလည်း စဉ်းစားဦးမှပေါ့၊ လေ့လာဖို့ မကောင်း လား . . . (ကောင်းပါတယ် ဘုရား)။

အဲဒါ ဘုန်းကြီးကတော့ သူဌေးကြီးဘက်ကို မဲပေးမှာ၊ ကျွေးတာက အကြီးအကျယ်ကွဲ့။ ပရိသတ်တွေလေ၊ အန္တဘာရက ပစ္စေကဗုဒ္ဓါ တစ်ပါးတည်းပါလားကွဲ့။ စဉ်းစား ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ဟင်းက လည်း ငါးပိစလောင်းဖုံး တင်ထားတာ၊ ဆီတောင် ပါမယ် မထင်ပါဘူး၊ ကြားလား။ အဲဒီတော့ သူဌေးကြီး အလှူက အကြီးအကျယ်နော်။ ပကတိမျက်စိနဲ့ ကြည့်မယ် ဆိုရင် သူဌေးကြီးက သာတာပေါ့။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

www.dhammadownload.com



အဲ တခါ လေ့လာကြစို့ဆိုတော့၊ မြို့တွေမှာ လမ်းခင်းတဲ့အခါမှာ ကျောက်ကြီးတွေ ကျောက်ခြမ်းကြီးတွေ ကားအစင်း တစ်ထောင်၊ စီပြီးတော့ ပုံထားတာ မြင်ဖူးကြ ရဲ့လား . . . (မြင်ဖူးပါတယ် ဘုရား)။ သူဌေးကြီး အလှူက ကားအစင်း တစ်ထောင်ပုံထားတဲ့ ကျောက်ကြီးတွေနဲ့ တူ တယ်နော်။ အန္ဓဘာရမြက်ရိတ်သမားက မိုးကုတ်က ကျောက် ပတ္တမြားပေါ့။ လက်သန်း တစ်ဆစ်လောက်ရတာနဲ့ မတူလား . . . (တူပါတယ် ဘုရား)။ လက်သန်း တစ်ဆစ်ဆို၊ ဒါ အရည်က မပြည့်ဘူးလား . . . (ပြည့်ပါတယ် ဘုရား)။ ရတာလည်း ပတ္တမြားနော်။ အဲဒီလောက် တန်ဖိုး များတာပေါ့။ လေ့လာဖို့ မကောင်းလား . . . (ကောင်း ပါ တယ် ဘုရား)။ အထည်တော့ ဟိုကကြီးတာပေါ့ကွဲ့။ အရည် ပါ ရဲ့လား . . . (မပါပါဘူး ဘုရား)။ တန်ဖိုးရှိရဲ့လား . . . (မရှိပါဘူး ဘုရား)။

အေး အန္ဓဘာရ မြက်ရိက်သမား အလှူက ဘာကြောင့်လဲ။ သီလခြံရံတာ၊ အဲဒီလို စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ သီလခြံရံတာကွဲ့နော်။ ဟိုက လောဘခြံရံတာ၊ နတ်ချမ်းသာ ဖြစ်ချင်တာ လောဘ ခြံရံတာ၊ ဗြဟ္မာချမ်းသာဖြစ်ချင်တာ လောဘခြံရံတာပေါ့။ ဟိုက သီလခြံရံတာ၊ အဲဒီလို လေ့လာဖို့မကောင်းလား . . .

www.dhammadownload.com



(ကောင်းပါတယ် ဘုရား)။ သီလနဲ့ ပြည့်စုံရင် အကုန်လုံး ပြေတာကွဲ့နော်။ အဲဒါ လိုရင်းအချက်တွေ။ အတုယူဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

မသိခင်ကတော့ သူသူ ငါငါ ပြုလုပ်ကြတာပေါ့။ **ပြင်ရင် ခဏနော်၊ ပျက်ရင် အစဉ်၊ ပြင်ဖို့လိုတယ်**။ ပြုပြင်ကြပေါ့၊ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒီလို သဘောပေါက်ဖို့ လိုတယ်ကွဲ့၊ ကြားလား။ အဲဒါ ကံဘက်က ယုံကြည်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အားကိုး ရမှာက ဉာဏ်နော်။

ဉာဏ်ဆိုတဲ့ ကိစ္စက သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ပညာ မဂ္ဂင်နှစ်ပါး။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမာဓိ မဂ္ဂင်သုံးပါး ပေါင်းလိုက်တော့ မဂ္ဂင်ငါးပါးပေါ့။ အမြင်ခံ အရှုခံက ခန္ဓာငါးပါး။ အဲဒီ ခန္ဓာလိုတာ၊ အဲဒီခန္ဓာ လည်း စိစစ်ဖို့လို တယ်နော်။

မျက်စိအကြည်ရှိရင် ရူပါရုံအဆင်း မတိုက်လား . . . (တိုက်ပါတယ် ဘုရား)။ အဆင်း တိုက်တယ်နော်။ သူ့ အချိုးကျသာ ပြောရမယ် ဟောရမယ် ဆိုရင်တော့ မျက်စိ အကြည်လည်းရှိမှ၊ ရူပါရုံအဆင်းလည်းရှိမှ၊ အာလောကော အလင်းရောင်လည်း ရှိမှ၊ မနသိ နှလုံးသွင်းမှုလည်း ရှိမှ၊

www.dhammadownload.com



ဤလေးခု ပြည့်စုံမှ မြင်သိစိတ်ဖြစ်တာ၊ အဲဒီလို လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ လေ့လာနော်။ အဲဒါ မြင်ရင် ရုပ်နှစ်ခု တိုက်တော့ မြင်သိစိတ် မပေါ်လား . . . (ပေါ်ပါတယ် ဘုရား)။ တစ်ဝိညာဏ်တည်း မြင်သိလို့ ဖြစ်ကဲ့လား . . . (မဖြစ်ပါဘူး ဘုရား)။

မဖြစ်ရင် သူနဲ့ သဟဇာတ ဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ မပါလား . . . (ပါပါတယ် ဘုရား)။ အဆင်းလို့ ခံစားတာ လူလား၊ ဝေဒနာလား . . . (ဝေဒနာပါဘုရား)။ နတ်လား၊ ဝေဒနာလား . . . (ဝေဒနာပါဘုရား)။ ဗြဟ္မာလား၊ ဝေဒနာလား . . . (ဝေဒနာပါဘုရား)။ အဆင်းလို့ မှတ်တာ လူ၊ နတ်၊ ဗြဟ္မာလား သညာလား . . . (သညာပါ ဘုရား)။ ခံစားနိုင် အောင် စေ့ဆော်တာ၊ မှတ်နိုင်အောင် စေ့ဆော်တာ သူ၊ ငါလား စေတနာလား . . . (စေတနာပါ ဘုရား)။ ဝေဒနာ၊ သညာ၊ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာ လေးပါး မပြည့်လား . . . (ပြည့်ပါတယ် ဘုရား)။ ဤလေးပါး ပြည့်စုံမှ မြင်သိစိတ် ဖြစ်တာနော်။ လူ၊ နတ်၊ ဗြဟ္မာလား၊ နာမက္ခန္ဓာလေးပါးလား . . . (နာမက္ခန္ဓာ လေးပါးပါ ဘုရား)။

မျက်စိအကြည်ကား လူဟုတ်ကဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ ရူပါရုံ အဆင်းကား လူဟုတ်ကဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာ

www.dhammadownload.com



မရလား . . . (ရပါတယ် ဘုရား)။ နာမက္ခန္ဓာလေးပါးနှင့် ရူပက္ခန္ဓာပေါင်း . . . (ခန္ဓာငါးပါးပါ ဘုရား)။

အဲဒါ အမြင်ခံ အရှုခံတရား၊ အရှုခံက ခန္ဓာငါးပါး။ ရှုဉာဏ်က မဂ္ဂင်ငါးပါးဆိုတော့ မှန်တော့ မှန်တယ်နော်။ ဘယ်ကပေါ်တယ်လို့ မပါပြီ။ ခန္ဓာပေါ်တာ ပါရဲ့လား . . . (မပါပါဘူး ဘုရား)။ အာရုံနဲ့ ဒွါရ ကင်းမနေဘူးလား . . . (ကင်းနေပါတယ် ဘုရား)။ အဲ အိပ်မက်ထဲမှာ မက်သလို နေတော့တာပေါ့ကွဲ့။ အာရုံနဲ့ ဒွါရ တိုက်ရမှာနော်။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ကဲ စိတ်ထဲ ဉာဏ်ထဲက စဉ်းစားကြဦး။

အခု အများအားလုံး ပြောနေကျ။ တရားထိုင်ဦး မယ်၊ တရားနာမယ်လို့ မပြောဘူးလား . . . (ပြောပါတယ် ဘုရား)။ လူထိုင်မယ်လို့ ပြောသလား၊ တရားထိုင်မယ်လို့ ပြောသလား . . . (တရားထိုင်မယ်လို့ ပြောပါတယ် ဘုရား)။ လူ နာမယ်လို့ ပြောသလား၊ တရားနာမယ်လို့ ပြောသလား . . . (တရားနာမယ်လို့ ပြောပါတယ် ဘုရား)။

အခုထိုင်တာ လူလား၊ ထောက်ကန့်ဝါယောလား . . . (ထောက်ကန့်ဝါယောပါ ဘုရား)။ ရပ်တာ လူလား၊ ထောက်ကန့်ဝါ ယောလား . . . (ထောက်ကန့်ဝါယောပါ ဘုရား)။ သွားတာ လာတာ လူလား၊ လှုပ်ရှားဝါယောလား

www.dhammadownload.com



. . . (လှုပ်ရှား ဝါယောပါ ဘုရား)။ ဝါယောဓာတ်လို့ သိတာ သူ၊ ငါလား ကာယဝိညာဏ်လား . . . (ကာယဝိညာဏ်ပါ ဘုရား)။ ကာယဝိညာဏ်က နာမ်တရား မရလား . . . (ရပါတယ် ဘုရား)။ ဝါယောက ရုပ်တရား မရလား . . . (ရပါတယ် ဘုရား)။ နာမ်၊ ရုပ် နှစ်ပါး။ ဖြန့်လိုက်ရင် ခန္ဓာငါးပါး။ အဲဒါ အာရုံတရား။ စိစစ်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒီ ခန္ဓာသိဖို့က မဂ္ဂင်ငါးပါးနော်။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အာရုံ၊ အာရမ္မဏိကပေါ့။ အဲဒီလို စိစစ်ဖို့ မလိုဘူးလား . . . (လိုပါတယ် ဘုရား)။

ကိုယ်ထင်တာတွေနဲ့ လေ့လာကြည့်ရတာပေါ့။ လက်တွေ့ မျက်တွေ့ပေါ့ကွဲ့နော်။ သားလေးထင်လို့ အခါလည်ကျော်လေး ပေါ့နော်။ နမ်းကြည့်လိုက်တာပေါ့။ သားတွေ့သလား၊ အနံ့တွေ့သလား . . . (အနံ့တွေ့ပါတယ် ဘုရား)။ ဩော် အနံ့ပဲတွေ့တယ်နော်။ သမီးထင်လို့ နမ်းကြည့်၊ သမီးတွေ့သလား၊ အနံ့တွေ့သလား . . . (အနံ့တွေ့ပါတယ် ဘုရား)။

ကဲ ကိုယ်ထင်တာတော့ သမီးပေါ့၊ သားပေါ့။ တွေ့တာက အနံ့ပေါ့။ အကောင်အထည် ဟုတ်ကဲ့လား

www.dhammadownload.com



. . . (မဟုတ်ပါဘူး ဘုရား)။ အကောင်အထည် မဟုတ်ပေမယ့် သဘောအနေနဲ့ မထင်ရှားဘူးလား . . . (ထင်ရှားပါတယ် ဘုရား)။ အဲဒီ နံ့သိစိတ်က ဃာနဝိညာဏ် မရလား . . . (ရပါတယ် ဘုရား)။ နာမ်တရားပေါ့။ ဃာနအကြည်နဲ့ အနံ့က ရုပ်တရားပေါ့။ နာမ်၊ရုပ်နှစ်ပါး။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အဲဒါ အာရုံ ဒွါရ တိုက်ပြီးတော့ ပေါ်တဲ့ခန္ဓာသိဖို့ လိုတာနော်။ ခန္ဓာငါးပါး ဖြစ်ပျက်ရှု၊ နာမ်ရုပ်ကို ဖြစ်ပျက်ရှု၊ နာမ်ရုပ်က ဘယ်ကလာတယ်လို့ မသိပြီ။ နာမ်ရုပ်ကို ဖြစ်ပျက်ရှုလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ခန္ဓာကို ဖြစ်ပျက်ရှုလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ဘယ်ဒွါရလို့လည်း မပါပါလား။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ လေ့လာကြ။

ကဲ တရားထိုင်ဦးမှာပေါ့။ စိတ်ထဲဉာဏ်ထဲက ထိုင်လိုက်ကြတော့ ကြမ်းနဲ့ တင်ပါးနဲ့ ထိမသွားလား . . . (ထိသွားပါတယ် ဘုရား)။ ထိသိ သတိလို့ မဟောလား . . . (ဟောပါတယ် ဘုရား)။ သတိပြုတဲ့အခါ ကြမ်းတွေ့သလား၊ မာတာတွေ့လား . . . (မာတာတွေ့ပါတယ် ဘုရား)။ တင်ပါးတွေ့သလား၊ ကာယအကြည်လား . . . (ကာယအကြည်ပါ

www.dhammadownload.com



ဘုရား)။ အကြည်ဓာတ်ရှိလို့ သိတာပေါ့။ မာတယ်လို့ သိတာ တစ်ဝိညာဏ်တည်း ထိလို့၊ သိလို့ဖြစ်ရဲ့လား . . . (မဖြစ်ပါဘူး ဘုရား)။

မဖြစ်ရင်သူနဲ့ သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ မပါလား . . . (ပါပါတယ် ဘုရား)။ မာတယ်လို့ ခံစားတာ လူလား၊ ဝေဒနာလား . . . (ဝေဒနာပါ ဘုရား)။ နတ်လား၊ ဝေဒနာလား . . . (ဝေဒနာပါ ဘုရား)။ ဗြဟ္မာလား၊ ဝေဒနာလား . . . (ဝေဒနာပါ ဘုရား)။ မာတယ်လို့ မှတ်တာ လူ၊ နတ်၊ ဗြဟ္မာလား သညာလား . . . (သညာပါ ဘုရား)။ ခံစားနိုင်အောင် စေ့ဆော်တာ၊ မှတ်နိုင်အောင် စေ့ဆော်တာ၊ သူ၊ ငါလား စေတနာလား . . . (စေတနာပါ ဘုရား)။ ဝေဒနာ၊ သညာ၊ စေတနာ သုံးခုပေါင်းမှ နာမက္ခန္ဓာလေးပါး ပြည့်တာနော်။ ဒါမှ ထိသိစိတ်ဖြစ်တာပေါ့။ လူ၊ နတ်၊ ဗြဟ္မာလား နာမက္ခန္ဓာလေးပါးလား . . . (နာမက္ခန္ဓာလေးပါးပါ ဘုရား)။

ကာယအကြည်ကား တင်ပါးဟုတ်ကဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ မာဆိုတဲ့ ပထဝီကား ကြမ်းဟုတ်ကဲ့လား . . . (မဟုတ်ပါဘူး ဘုရား)။ ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာမရလား . . . (ရပါတယ် ဘုရား)။ နာမက္ခန္ဓာ

www.dhammadownload.com



လေးပါးနဲ့ ရူပက္ခန္ဓာပေါင်း . . . (ခန္ဓာငါးပါးပါ ဘုရား)။ ဒါ အာရုံနဲ့ ဒွါရတိုက်မှ ပေါ်တာ မဟုတ်လား . . . (ဟုတ်ပါတယ် ဘုရား)။

အခု ခန္ဓာငါးပါးကိုရှု၊ နာမ်ရုပ်ကို ရှုလို့ မဟော ဘူးလား . . . (ဟောပါတယ် ဘုရား)။ အာရုံနဲ့ ဒွါရ တိုက်တာပါရဲ့လား . . . (မပါပါဘူး ဘုရား)။ အင်း စဉ်းစား၊ ချာလည်လည်သွားမှာပေါ့။ အဘာဝပညတ် ဖြစ်သွားမှာပေါ့။ အဲဒီလို လေ့လာဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ ထိုင်လို့သိတာ။ အဲဒါကို ရှာတာ ကြာလှပါပြီလားကွဲ့။ တွေ့လည်း မတွေ့ကြပါလား . . . ဟင်။ အဲဒီလို စိစစ်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

**တရားပျောက်တော့ ကိုယ်မှာရှာ၊ ကိုယ်မှာ ရှာတော့ တရား တွေ့တယ်** လို့မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ကဲ အခု ထင်တာက လူပေါ့၊ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေပေါ့။ တွေ့တာက လူလား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါး ပါးပါ ဘုရား)။ နတ်လား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ ဗြဟ္မာလား၊ ခန္ဓာငါးပါးလား . . . (ခန္ဓာငါးပါးပါ ဘုရား)။ ဩော် ခန္ဓာပဲ တွေ့တယ်နော်။ အဲဒီ ခန္ဓာရဲ့ အကျိုးအပြစ်ကို သိဖို့လိုတယ်။

www.dhammadownload.com



ခန္ဓာငါးပါးထဲမှာ ရူပက္ခန္ဓာ မပါလား . . . (ပါပါ တယ် ဘုရား)။ ရုပ်တရားကြီးက **ရုပ္ပတီတိ ရူပံ**။ ဖောက်ပြန် ပြီးတော့ မပျက်လား . . . (ပျက်ပါတယ် ဘုရား)။ ဖောက် ပြန်ပြီးတော့ ပျက်တယ်နော်။ အဲဒါကို သဘာဝအနေနဲ့ မာတယ်၊ ပျော့တယ်၊ ပူတယ်၊ အေးတယ်၊ ထောက်ကန် လှုပ်ရှားတယ်လို့ မပြောရဘူးလား . . . (ပြောရပါတယ် ဘုရား)။ ပညတ်က မလွတ်ဘူး။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ လေ့လာဖို့လိုတယ်နော်။

ဒါတော့ ဝိဇ္ဇမာနပညတ်ပေါ့။ ဝိဇ္ဇာဉာဏ်ကို နီးကပ်လို့ ပြောရ တာပေါ့။ နေပူတယ် မီးပူတယ်ဆိုတာက အဝိဇ္ဇမာန ပညတ်ပေါ့။ အဲဒီလိုလဲ ပိုင်းခြားဖို့ မလိုဘူးလား . . . (လိုပါတယ် ဘုရား)။ လိုတယ်ကွဲ့။ အဲဒီမှာ ထိထိမိမိ သဘော ပေါက်ဖို့ လိုတယ်နော်။

အဲဒီလို ခန္ဓာအပြစ်ကို ကြည့်တော့ အခု အသက် ကြီးတဲ့လူက သတိမထားလို့ပါ။ သတိထားရင် တရားက ပြလိုက်တာ၊ ဟိုကကိုက်လိုက်၊ ဒီကနာလိုက်၊ ခါးက နာလိုက် နှာကစေးလိုက် ကြားရဲ့လား။ ကောင်းတဲ့ တရားလား၊ မကောင်းတဲ့ တရားလား . . . (မကောင်းတဲ့ တရားပါ ဘုရား)။ ခဏခဏ ဖောက်ပြန်ပြီးတော့ မပျက်လား . . .

www.dhammadownload.com



(ပျက်ပါတယ် ဘုရား)။ ဖောက်ပြန်လိုက် ပျက်သွားလိုက်၊ အစားထိုးလိုက် ပျက်သွားလိုက်၊ အစားထိုးလိုက် ပျက်သွားလိုက်၊ ကြားရဲ့လား။ မလေ့လာတော့ မသိဘူးပေ့ါ။ အဲဒီလို ခန္ဓာကပြနေတာ၊ အဲဒီလို စိစစ်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အနှစ်သာရ ရှိမရှိ . . . (မရှိပါဘူး ဘုရား)။ ဒါကြောင့်မို့ ဖောက်ပြန် ပျက်စီးတာပေ့ါ။

ဆိုးကောင်း နှစ်ပါး ခံစားတာ လူလား၊ ဝေဒနာလား . . . (ဝေဒနာပါ ဘုရား)။ အဲဒီ ဝေဒနာက္ခန္ဓာကလည်း ရေပွက်ပမာဏလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ထမင်းချက်တဲ့အခါ ပွက်ပွက် ပွက်ပွက်နဲ့ ဆူပွက်နေတဲ့အခါ ငွေဖလားလေးနဲ့ တူတယ်နော်။ ပေါ်ပြီးတော့ ပေါက်ကွဲ မသွားဘူးလား . . . (သွားပါတယ် ဘုရား)။ ပြန်ပြီးတော့ အစားမထိုးဘူးလား . . . (ထိုးပါတယ် ဘုရား)။ ပေါက်ကွဲသွားလိုက် အစားထိုးလိုက်ပေ့ါ။ အနှစ်သာရရှိရဲ့လား . . . (မရှိပါဘူး ဘုရား)။ အနှစ်သာရ မရှိဘူးနော်။

သညာက္ခန္ဓာ တံလျှပ်ပမာဏလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ သားသမင် အပေါင်းတို့သည် မှဆိုးရန်ကို ကြောက်လို့ ပုန်းနေရတာပေ့ါ။ ပုန်းနေရတယ်၊ ရေငတ်လို့ ရေရှာထွက် မလာဘူးလား . . . (ထွက်လာပါတယ် ဘုရား)။ ကမ်းပါးပေါ်က ရပ်ကြည့်တော့ အောက်မှာ

www.dhammadownload.com



ရေပြင်ကြီးပေါ့။ ရေသောက်ဆင်း ပြီးတော့ မသွားကြဘူးလား . . . (သွားကြပါတယ် ဘုရား)။ အောက်ကို ရောက်တဲ့အခါ ရေတွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ သောင်ပြင်ကြီးပေါ့။

မော့ကြည့်တော့ ရေက ရှေ့မှာပေါ့။ ဆက်ပြီးတော့ မလိုက်ရဘူးလား . . . (လိုက်ရပါတယ် ဘုရား)။ ရောက်တဲ့အခါကျတော့ တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ဆက်ပြီးတော့ မလိုက်ရဘူးလား . . . (လိုက်ရပါတယ် ဘုရား)။ တွေ့ရဲ့လား . . . (မတွေ့ပါဘူး ဘုရား)။ ဆက်ပြီးတော့ မလိုက်ရဘူးလား . . . (လိုက်ရပါတယ် ဘုရား)။ သားသမင် အပေါင်းတို့ ရေငတ်လို့ သေတာ မရေတွက်နိုင်ဘူးနော်။

အခုလည်း တရားနာ ပရိသတ်တို့ ဘုန်းကြီးတို့ လူ့ချမ်းသာရှာကြတာ တွေ့ကြပြီလား . . . (မတွေ့ပါဘူး ဘုရား)။ နတ်ချမ်းသာရှာတာ တွေ့ကြပြီလား . . . (မတွေ့ပါဘူး ဘုရား)။ ဗြဟ္မာချမ်းသာရှာတာ တွေ့ကြပြီလား . . . (မတွေ့ပါဘူး ဘုရား)။ မရှိတာရှာရင် ရပ့်မလားကွဲ့၊ အဲဒီလို လေ့လာဖို့ မကောင်း လား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါမို့ တံလျှပ်ပမာဏ။

သဥ္စါရက္ခန္ဓာ ငှက်ပျောပမာဏလို့ မဟောဘူးလား

www.dhammadownload.com



. . . (ဟောပါတယ် ဘုရား)။ ငှက်ပျောဆိုတာ အပင်နဲ့တူတယ်၊ အသီးနဲ့တူတယ်၊ အရွက်နဲ့တူတယ် ပြောတာမဟုတ်ဘူးနော်။ အနှစ်သာရ မရှိတာ။ပုညာဘိသင်္ခါရလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ ဒါနကုသိုလ်လေ၊ သီလကုသိုလ်လေ။ အဲ ဒါနကုသိုလ်၊ သီလကုသိုလ်က လူခန္ဓာ၊ နတ်ခန္ဓာ မရလား . . . (ရပါတယ် ဘုရား)။ အို၊ နာ၊သေ လွတ်ရဲ့လား . . . (မလွတ်ပါဘူး ဘုရား)။ ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါ ဘုရား)။ ဒါကြောင့် သင်္ခါရက္ခန္ဓာ ငှက်ပျောနဲ့တူတယ် ဟောတာ။ အနှစ်သာရ မရှိဘူး။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အာနေဉ္ဇာဘိသင်္ခါရ ကမ္မဋ္ဌာန်း လေးဆယ် အားမထုတ်ဘူးလား . . . (ထုတ်ပါတယ်ဘုရား)။ အားထုတ်လို့ သမာဓိသာရရင် သူများ စိတ်အစဉ် သိနိုင်တယ်နော်။ ဒါထက်ရင့်ကျက်ရင် မြေလျှိုးမိုးပျံနိုင်တာပေါ့။ အဲဒီစိတ်နဲ့ သေရင် ဗြဟ္မာခန္ဓာ မရဘူးလား . . . (ရပါတယ် ဘုရား)။ အို၊ နာ၊ သေ လွတ်ရဲ့လား . . . (မလွတ်ပါဘူး ဘုရား)။ ဘာသစ္စာလဲ. . . (ဒုက္ခသစ္စာပါ ဘုရား)။ အာနေဉ္ဇာဘိသင်္ခါရ။ သင်္ခါရ တပ်လိုက်ရင် အဝိဇ္ဇာနောက်က လိုက်နေတာကွ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာလို့ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။ အဲဒီလို သဘောပေါက်ဖို့ လိုတယ်။

www.dhammadownload.com



ခန္ဓာသိဖို့၊ သစ္စာသိဖို့၊ ပဋိစ္စသမုပ္ပါဒ် သိဖို့ အရေးကြီးတယ်နော်။

ဝိညာဏက္ခန္ဓာ မျက်လှည့်ပမာဏပေါ့၊ အိပ်မက်ပမာဏပေါ့။ အိပ်မက်ထဲမှာ ရွှေအိုး၊ ငွေအိုးရလို့ မက်တဲ့ပုဂ္ဂိုလ် မရှိဘူးလား . . . (ရှိပါတယ် ဘုရား)။ ရာဝင်အိုးကြီးနဲ့ အပြည့်ပေါ့။ ဆားဆို ပိဿာတစ်ရာပေါ့။ ထန်းလျက် ပိဿာတစ်ရာပေါ့။ ငါးပိ ပိဿာတစ်ရာပေါ့။ ရွှေဆိုတော့ ပိဿာသုံးရာလောက်ပေါ့ကွဲ့။ ရွှေက လေးတာကိုး။ ကဲ ပိဿာ တစ်ရာလောက် ရောင်းလိုက်တာနော်။ နှစ်ရာလောက် ကျန်သေးတယ်၊ ကြားလား။ တိုက်တွေ ငါးလုံး ဆောက်ကြည့်တာ အပြိုင်အဆိုင်ပေါ့။ တိုက်ငါးလုံး ပြီးသွားပြီနော်။ ဦးဆုံးတိုက်မှာ သံစုံပေါ့။ သံနဲ့ပတ်သက်တာ မရှိလို့ မပြောရအောင် သံစုံ အကုန်လုံး အရောင်းဖွင့်ထားတာ။ အရောင်းစာရေး ဆယ်ယောက်ပေါ့။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

ကဲ ဟိုဘက်ကနေပြီးတော့ အထည်နဲ့ ပတ်သက်တာ အစုံဖွင့်ထားတာနော်။ အထည်ဆိုင်ပေါ့။ လေ့လာဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ ဟိုဘက်ကတော့ စားကုန် သောက်ကုန်တွေပေါ့။ တစ်ဖက်ကတော့ ပဲမျိုးစုံပေါ့၊ ဆန်စပါး စုံပေါ့၊ အဲဒီလို အရောင်းစာရေးတွေနဲ့

www.dhammadownload.com



မထားဘူးလား . . . (ထားပါတယ် ဘုရား)။ ထားတယ်နော်။

အဲဒီတော့ နေဝင်မိုးချုပ် တစ်ခါ စားရင်းချုပ်တဲ့ အခါကျတော့ တိုက်တစ်လုံးမှာ တချို့က ငါးသိန်း မြတ်တယ်၊ တချို့က သုံးသိန်းမြတ်တယ်၊ တချို့က ခြောက်သိန်းမြတ်တာပေါ့။ စိတ်ကူးယဉ်ပြီးတော့ မနေလား . . . (နေပါတယ် ဘုရား)။ စိတ်ကူးယဉ်နေတာပေါ့။

စိတ်ကူးယဉ်လို့ သူ့စိတ်ထဲမှာ ကားကလည်း ဂျပန်က ဝယ်ထားတာ၊ သုံးစင်း အကောင်းစားတွေ။ မနက်တစ်စင်း၊ နေ့ခင်းတစ်စင်း၊ ညနေတစ်စင်း။ စိစစ်ဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ တိုက်က သုံးလုံး။ အင်းပေါင်မုန့် မီးကင်ထားတဲ့ဟာလေ၊ ထောပတ် ကျွဲမြီး တံဆိပ် ထောပတ်ကိုသုတ်၊ ကြက်သားကို လှီးပြီးတော့ အထဲက ပါးပါးထည့်၊ အဲဒါ လေးမြှောင့်စည်းပြီးခါမှ ကော်ဖီ ကောင်းကောင်းနဲ့ ဒါ မှိန်းပြီးတော့ မြုံ့ပြီး စားနေတော့တာကွ။

ကော်ဖီလေး သောက်လိုက်၊ ဟိုဟာ ကိုက်စားလိုက်၊ ကော်ဖီသောက် ကိုက်စားလိုက် မနေဘူးလား . . . (နေပါတယ် ဘုရား)။ ပြီးတဲ့အခါ စီးကရက်လေး၊ ပလေးယားစီးကရက်ကို တောက်တောက် တောက်တောက် လုပ်ပြီး မှိန်းပြီး စိတ်ကူးမယဉ်လား . . . (ယဉ်ပါတယ် ဘုရား)။ ဒီနေ့ ဝင်ငွေဟာ အားလုံး သိန်းပေါင်းသုံးဆယ် ဝင်တယ်။ အိပ်မက်ထဲမှာ အိပ်မက်ထဲမှာ၊ မျက်လှည့်ပမာဏ အိပ်မက် ပမာဏ

www.dhammadownload.com



လို့ မပြောဘူးလား . . . (ပြောပါတယ် ဘုရား)။

နိုးလာတဲ့အခါတော့ ဆောင်းအခါ ပြာသိုလ မီးဖိုဆင်းရတော့တာ။ အကြော်ကြော်ဖို့။ အကြော်သမား၊ အကြော်သမား။ မီးမွေးလို့က မရနိုင်၊ လောင်စာကလည်း မရှိ၊ ထင်းတွေက အစိုကိုး။ အဝယ်လာတဲ့လူက အနားက စောင့် နေတာ၊ သူက မီးမွေးလို့ မရတော့ တခြားဆိုင် ဝယ်ကြတော့တာပေါ့။ ဒေါသ ဖြစ်လာခဲ့တော့တာပေါ့၊ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ ဝိညာဏက္ခန္ဓာ မျက်လှည့်ပမာ၊ စိစစ်ဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အိပ်မက်ပမာဏ၊ အဲဒီလို လေ့လာဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ သိမှ ပယ်နိုင်တာနော်။ စိတ်ထဲ မနိုးခင်ကတော့ တကယ်ရှိတယ်လို့ မယူပေဘူးလား . . . (ယူပါတယ် ဘုရား)။ နိုးလာတော့ ကိုယ့်စိတ်ကူး ထင်တဲ့အတိုင်း ဟုတ် မဟုတ် . . . (မဟုတ်ပါဘူး ဘုရား)။ အဲဒီလို စဉ်းစားဖို့လိုတာကွဲ့။ စဉ်းစားဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

မကြားစဖူး ကြားဖူးထပ်မံကွဲ့နော်၊ ရှေးကနေပြီးတော့ သားအမိ သားအဖ သုံးယောက်ပေါ့။ သားလေးက လိမ်လိမ် မာမာလေးကွဲ့နော်။ အရွယ်လေးရောက်ပြီးတော့ နိုင်တဲ့အခါ တစ်ဆယ် ဆယ့်လေးနှစ် အရွယ်ရောက်တော့ မိဘတွေရဲ့ အဝတ် အညစ်အကြေးတွေ လျှော်ပေး၊ ဖွတ်ပေး

www.dhammadownload.com



ထမင်းချက်ကျွေးပေး၊ ရေထမ်းပေးပေါ့။ ဆယ့်ရှစ်နှစ်ကျတဲ့အခါ အပျိုလည်တော့တာ။ မိဘဖြစ်တဲ့သူက သားလေးက လိမ္မာတော့ ချွေးမကောင်းကောင်းကို ကြည့်ထားတာပေါ့။

သူလည်တာက မိဘ မကြိုက်တဲ့အိမ်ကို သွားလည်တာ။ အဲဒီအိမ်ကို ကြည့်လိုက်တာ အမျိုးသမီးကလည်း လှတာက အလတ်စားလောက် လှတာ၊ ဘွဲ့ရပြီးသား။ လောကစားဝတ် နေရေးကလည်း ပြည့်စုံတယ်။ မိဘက မကြိုက်။ ဘာကြောင့် မကြိုက်တာလဲ မေးဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒီ လောကဝေါဟာရ ပညတ်အနေနဲ့ စုန်း တတ်တာကိုး။ ငါ့သား တနေ့ကျတော့ သူ့လက်ချက်နဲ့ သေမှာပေါ့။ ဒါကြောင့် မပေးစားချင်တာ။ စုန်းတတ်တယ်၊ စုန်းကလည်း အကောင်အထည်မှ မဟုတ်ပဲနဲ့ မေးရင် ခက်မှာကိုး။ မပြောဘူး။

အဲဒါနဲ့ တနေ့သဉ္ဇကျတော့ခါ ထမင်းစားပြီးတိုင်း သွား တော့တာပေါ့။ သွားတော့ကာ စောစော ပြန်လာခဲ့တယ်။ အခါတိုင်း ဆယ့်နှစ်နာရီကျော်မှ ပြန်လာတာ။ အစောကြီး ပြန်လာတာ ငါ့သား နေမကောင်းဘူးထင်တယ်။ အိပ်ရာဝင် နဖူးလေးစမ်း ခြေတွေလက်တွေ စမ်းပေါ့။ ဘယ်လိုလဲ၊ နေကောင်းလား၊ ကောင်းပါတယ်။ ဘာဖြစ်လို့ အစောကြီး ပြန်ခဲ့တာလဲ။ သူ့အိမ်ရှင်မ နေမကောင်းဘူးပေါ့။

www.dhammadownload.com



အင်း ဒီနေ့က ဝါဆိုလပြည့်ကိုး။

လပြည့်မှာ သူတို့ အတတ်က ပိုတောက်တာကိုး ကွဲ့။ အင်း မိဘက သိပြီ၊ လကွယ်ကျတဲ့အခါ ထမင်း လက်ဆုံစား၊ မနက်စာ၊ သမီးရည်းစား ဆိုတာ အချစ် စမ်းတာ။ မင်း အဲဒီလိုသာ အပြန်ခိုင်းရင် မင်း လက်လွတ် တော့မှာပေါ့။ ပြန်ခိုင်းတဲ့အခါ ပေနေရတယ်၊ ဒါ အချစ် စမ်းတာလို့ မပြောရဘူးလား . . . (ပြောရပါတယ် ဘုရား)။

နောက်တစ်ပတ် လကွယ်ကျတော့ အစ်ကိုရယ် . . . လည်နာတာရော ခေါင်းကိုက်တာကော သုံးပါး လေးထွေပေါ့။ ပြန်စမ်းပါဦး၊ မပြန်ပါရစေနဲ့၊ ပြန်စမ်းပါဦး၊ မပြန်ပါရစေနဲ့လို့ ပြောပြောဆိုဆိုနဲ့ စုန်းမက သူ့ရည်းစားရဲ့ ရင်ခွင်ထဲမှာ တောက်တော့တာဗျ။ မီးလုံးကြီးတွေ ဖွားကနဲ ဖွားကနဲ ကြားလား။ မင်းသားက မျက်လုံးကြီးတွေ ပြူးပြူး လာတော့တာပေါ့။ မျက်လုံးကြီးတွေ ပြူးနေတော့တာကွဲ့။

ချစ်စိတ်လား၊ ကြောက်စိတ်လား . . . (ကြောက် စိတ်ပါ ဘုရား)။ ချစ်စိတ်က နည်းနည်းလေးမှ မကျန်ကွာ၊ ငါ အံ့သြတာ ကြားရဲ့လား။ ထမင်းဟင်းစားတဲ့အခါ ပန်းကန် ဆေးကြည့်၊ အနံ့တော့ ကျန်သေးတာကွဲ့။ ပန်းကန်စင် ဦးတော့ အနံ့ ကျန်သေးတယ်။ အခုက နည်းနည်းလေး ကိုပဲ့ မကျန်ဘူး၊ စဉ်းစားဖို့ မကောင်းလား . . . (ကောင်းပါတယ်

www.dhammadownload.com



ဘုရား)။

စုန်းတောက်ပြေတဲ့အခါ အလ္လာပသလ္လာပ မပြောရဘူးလား . . . (ပြောရပါတယ် ဘုရား)။ ပြောတော့ ဒီအတတ်ကို ဘယ်သူ့ကိုမှ မပြောရဘူးပေါ့။ အဲဒါနဲ့ သန်းခေါင်းသန်းလွဲကျတော့ ပြန်လာခဲ့ပေါ့။

နောက်နေ့ကျတော့ မင်းသားက အလည်မသွားတော့ဘူး။ ထမင်း စားပြီး အိပ်ရာထဲ ဝင်အိပ်တော့တာပေါ့။ အေးလေ ငါ့သား ခါတိုင်းတော့ သွားပါတယ်၊ နေမကောင်းဘူးလား၊ နဖူးကိုင်လိုက် ခြေတွေလက်တွေ မကိုင်ရဘူးလား . . . (ကိုင်ရပါတယ် ဘုရား)။ နေကောင်းရဲ့လား၊ ကောင်းတယ်။ မိဘဆိုတော့ ခဏခဏမေးတော့ သူ့အိမ်ရှင်မက စုန်းတတ်တယ်လို့ ပြောတော့တာပေါ့။ အဲဒီလို မလုပ်နဲ့ ငြိုးလိမ့်မယ်၊ ကိုယ်ပေါင်းစိတ်ခွာ။ ကိုယ်ပေါင်းစိတ်ခွာတဲ့။ မိဘက သင်ပေးလိုက်တာ။ စားစရာ သောက်စရာတွေ ကျွေးတဲ့အခါ ကျွေးလိမ့်မယ်၊ ဆေးစား ခဲ့တယ်လို့ပြော။

ဟိုကျ စားစရာလုပ်ထားတာပေါ့။ ဆေးစားခဲ့တယ်၊ ဆေးစားခဲ့တယ်တဲ့။ စားရဲပါ့မလား . . . (မစားရဲပါဘူး ဘုရား)။ ဆေးစားခဲ့တယ်တဲ့ကွဲ့။ ကဲ အကျိုးအပြစ်ကို သိတော့ကာ ချစ်တဲ့စိတ် ရှိရဲ့လား . . . (မရှိတော့ပါဘူး ဘုရား)။ အဲဒီလို ချစ်စိတ်မရှိရင် မုန်းတဲ့စိတ် လွတ်တော့

www.dhammadownload.com



တာကွဲ့။ ခန္ဓာရဲ့အပြစ်ကို အဲဒီလိုသိဖို့ မလိုဘူးလား . . . (လိုပါတယ် ဘုရား)။ အဲဒါ ခန္ဓာသိဖို့လိုတာကွဲ့။ လေ့လာဖို့ မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ ဥပမာပေးရတာနော်။ အဲဒီခန္ဓာငါးပါး တစ်ခုမှ ကောင်းတာ မပါဘူးပေါ့။ လေ့လာဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။

အခုဘုန်းကြီး ဟောတာပြောတာ မြင်တာလား၊ ကြားတာလား . . . (ကြားတာပါ ဘုရား)။ ကြားတယ်ဆိုတာ အသံပေါ့။ ဘုန်းကြီးလား အသံလား . . . (အသံပါ ဘုရား)။ အသံလို့ကြားသိတာ သောတဝိညာဏ် နာမ်တရား မရလား . . . (ရပါတယ် ဘုရား)။ သောတအကြည်နဲ့ အသံက ရုပ်တရား မရလား . . . (ရပါတယ် ဘုရား)။ နာမ်၊ ရုပ် နှစ်ပါးပေါ့။

ကဲ ဘုန်းကြီးလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ လူလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ နတ်လား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ ဗြဟ္မာလား၊ နာမ်နဲ့ ရုပ်လား . . . (နာမ်နဲ့ ရုပ်ပါ ဘုရား)။ နာမ်၊ ရုပ်ပဲ တွေ့တယ်နော်။ လူ၊ နတ်၊ ဗြဟ္မာ ဘာဖြစ်လို့ မတွေ့တာလဲ . . . (မရှိလို့ပါ ဘုရား)။ မရှိရင် လူမှ မရှိရင်

www.dhammadownload.com



စွဲစရာ လိုသေးရဲ့လား . . . (မလိုပါဘူး ဘုရား)။ အဲဒါ နာမ်ရုပ်က သက်သေမခံလား . . . (ခံပါတယ် ဘုရား)။ ကဲ နာမ်ရုပ်လို့သိ လူလို့ခေါ်၊ နတ်လို့ ခေါ်၊ ဗြဟ္မာလို့ခေါ်၊ သုံးဆယ့် တစ်ဘုံ ခေါ်ချင်သလို ခေါ်ပေါ့။

မြတ်စွာဘုရားက ညီတော်အာနန္ဒာလို့ မခေါ်ဘူး လား . . . (ခေါ်ပါတယ် ဘုရား)။ သားတော် ရာဟုလာလို့ မခေါ်လား . . . (ခေါ်ပါတယ် ဘုရား)ချစ်သမီးချစ်သားတို့ လို့မခေါ်လား . . . (ခေါ်ပါတယ် ဘုရား)။ ခေါ်တာ ဘုရား ပယ်ရဲ့လား . . . (မပယ်ပါဘူး ဘုရား)။ အထင်နဲ့ အယူအဆ ပယ်တာနော်။ ညီတော် အာနန္ဒာလို့ မထင်လား . . . (ထင်ပါတယ် ဘုရား)။ ရှိတယ်လို့ မယူလား . . . (ယူပါတယ် ဘုရား)။

ကဲ ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့် နော်။ ညီတော်အာနန္ဒာ တွေ့သလား၊ ပူနွေးနွေး တွေ့ သလား . . . (ပူနွေးနွေး တွေ့ပါတယ် ဘုရား)။ ဒါ ဉာဏ်တွေဖောပေါ့။ တစ်နည်းအားဖြင့် အေးတာ မတွေ့လား . . . (တွေ့ပါတယ် ဘုရား)။ သီတတေဖောပေါ့။ ပူတယ်၊ အေးတယ်လို့ သိတာ သူ၊ ငါလား ကာယဝိညာဏ်လား . . . (ကာယဝိညာဏ်ပါ ဘုရား)။ ကာယဝိညာဏ်က

www.dhammadownload.com



နာမ်တရားပေါ့။ ပူတာ၊ အေးတာက ရုပ်တရားပေါ့။ ဘယ် လောက်များ ထင်ရှားသလဲနော်။ ကဲ သုံးဆယ့်တစ်ဘုံ တွေ့ရဲ့ လား . . . (မတွေ့ပါဘူး ဘုရား)။ **ရုပ်နာမ် သုညတ** လို့ မဟောလား . . . (ဟောပါတယ် ဘုရား)။

အဲဒီ နေရာရောက်တဲ့အခါ ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ် ဖြစ်ခွင့်ရပ့ါမလား . . . (မရပါဘူး ဘုရား)။ တဒင် နိရောဓ။ စိတ်ချရတာ၊ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ၊ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ၊ အနတ္တလက္ခဏာ ဒုက္ခသစ္စာ မြင်မှ စိတ်ချရတယ်။ အဲဒီလို လေ့လာဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ နာမ်၊ရုပ်လို့သိ သားလို့ခေါ်၊ သမီးလို့ခေါ်၊ အဖေလို့ခေါ်၊ အမေလို့ခေါ် မခေါ်ရဘူးလား . . . (ခေါ်ရပါတယ် ဘုရား)။ ခေါ်ပြားသော်လည်း သားလို့ စွဲရဲ့လား . . . (မစွဲတော့ပါဘူး ဘုရား)။ အဖေလို့ စွဲရဲ့လား . . . (မစွဲတော့ပါဘူး ဘုရား)။ လူလို့ စွဲရဲ့လား . . . (မစွဲ တော့ပါဘူး ဘုရား)။ ဘာဖြစ်လို့ မစွဲတာလဲ . . . (မရှိလို့ပါ ဘုရား)။ ဟော နာမ်၊ ရုပ်လို့သိ လူလို့ ခေါ်တယ်၊ စွဲရဲ့လား . . . (မစွဲတော့ပါဘူး ဘုရား)။ နာမ်၊ရုပ်လို့သိ သားလို့ ခေါ် တယ်၊ စွဲရဲ့လား . . . (မစွဲတော့ပါဘူး ဘုရား)။ နာမ်၊ ရုပ် လို့သိ အဖေ၊ အမေလို့ ခေါ်တယ်၊ စွဲရဲ့လား . . . (မစွဲ

www.dhammadownload.com



တော့ပါဘူး ဘုရား)။ အဲဒီလို လေ့လာဖို့မကောင်းလား . . . (ကောင်းပါတယ် ဘုရား)။ အဲဒါ လိုရင်းအချက်ပေါ့နော်။

ကဲ ကြားဆဲခန္ဓာက . . .

ဖြစ်ပျက် ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါဘုရား)။

သိတာက . . . . (မဂ္ဂသစ္စာပါဘုရား)။

သေတာက . . . (သမုဒယသစ္စာပါ ဘုရား)။

နောက်ခန္ဓာ မလာတာ . . . (နိရောဓသစ္စာပါ ဘုရား)။

ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ . . . (လေးကွက်ရှိပါတယ် ဘုရား)။ တစ်ကွက်လျှင် ဘယ်နှစ်ပါး . . . (ငါးပါးပါဘုရား)။ ငါးလေးလီ . . . (နှစ်ဆယ်)။ ဤရှစ်သွယ်ကို အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။

သာဓု သာဓု သာဓု

www.dhammadownload.com



(ဆရာတော်　သံဃာတော်
ဘေးရန် ကင်းပါစေ၊
စိတ်ဆင်းရဲ　ကင်းပါစေ၊
ကိုယ်ဆင်းရဲ　ကင်းပါစေ၊
ဆရာတော်　သံဃာတော်
ကျန်းမာစွာဖြင့် ချမ်းသာစွာနှင့်
ခန္ဓာ့ဝန်ကို သာသနာ့ဝန်ကို
လွယ်ကူစွာ ဆောင်ရွက် နိုင်ပါစေ၊
စိတ်ဆင်းရဲ　ကင်းပါစေ၊
ကိုယ်ဆင်းရဲ　ကင်းပါစေ။) ၃-ကြိမ်

၃-ကြိမ်
(ဆရာတော် သက်တော် ရာကျော်ရှည်ပါစေ၊)
သာဓု ... သာဓု ... သာဓု

www.dhammadownload.com

## ဓမ္မဒါန အလှူရှင်

ဦးကျော်မင်း+ ဒေါ်သီသီလွင်

သား မောင်ထက်ဦး၊ သမီး မစမ်းမြသီတာမင်း

မိသားစု (ရွှေပြည်နန်း ကုမ္ပဏီလီမိတက်)

## မိုးလယ်တောရ ဓမ္မရိပ်သာ

ဂန့်ဂေါ (ပင်ရင်း) ဖုန်း- ၀၆၂-၅၀၀၈၈
၀၆၂-၅၀၀၈၉

ပဲခူး၊ (၁၀) မိုင်ကုန်း၊ တိုက်ခွဲ အမှတ် (၁)
ဖုန်း- ၀၉-၈၆၅၀၉၄၇

ကျိုင်းတုံမြို့၊ တိုက်ခွဲ အမှတ် (၂)
ဖုန်း- ၀၈၄-၂၂၅၀၁

မန္တလေးမြို့၊ တိုက်ခွဲ အမှတ် (၃)
ဖုန်း- ၀၂- ၉၁၀၁၀၀၁၂

တောင်ကြီးမြို့၊ ဖုန်း- ၀၈၁-၂၁၀၉၆